မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F __ Volume 1/ Issue 13 / January / 2020*







***May GOD bless you with Happiness, Success and Wisdom to achieve all your dreams come true 2020 the whole year.***

| JANUARY 2020 | | | | | | |
|---|---|---|---|---|---|---|
| S | M | T | W | TH | F | S |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

## 2020, BCF January Events

*1- 05-2020 … Holy Communion*
*1-12-2020 … Regular Service*
*1- 19-2020 … Regular Service and Karen New Year Celebration*
*1-26-2020 … Church 43th Annual worship Service*
*Theme: Blessed are all who fear the LORD. (Ps. 128:1)*
*Guest Speaker: Rev. Saya Htwe Din Nyunt (BCC)*

## B.C.F Worship time

*Sunday Service … 2:00PM*
*Children Sunday School … 2:15 PM*
*BCF Youth … 2:15 PM*

## Prayer Meeting

*Every Saturday, 2:00 PM*

## Bible Study

*Sunday 1:00-2:00 PM*

## B.C.F Worship Place

*1337 Farmstead Ave.*
*La Puente, CA 91745*

## မင်္ဂလာအပေါင်းဖြစ်စေဖို့စိတ်နှလုံးသွင်းရမည့်ကျမ်းချက်။

သခင်ယေရှုခရစ်တော် ကိုယ်တိုင် နှုတ်တော်ကိုဖွင့်၍ ဆုံးမသြဝါဒပေးတော်မူခဲ့သည်မှာ၊–

- စိတ်နှလုံးနှိမ့်ချသောသူတို့သည် .. မင်္ဂလာရှိကြ၏။
  အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံတော်ဖြစ်၏။
- စိတ်မသာညည်းတွားသောသူတို့သည် .. မင်္ဂလာရှိကြ၏။
  အကြောင်းမူကား၊ ထိုသူ တို့သည်သက်သာခြင်းသို့ရောက်ကြလတ့်၊
- စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် .. မင်္ဂလာရှိကြ၏။
  အကြောင်းမူကား၊ ထိုသူတို့သည်ပြည်တော်ကိုအမွေခံရကြလတ့်။
- ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်ခင်မွတ်သောသူတို့သည် .. မင်္ဂလာရှိကြ၏။
  အကြောင်းမူကား၊ ထိုသူတို့သည်ဝပြောခြင်းသို့ရောက်ကြလတ့်။
- သနားစုံမက်တတ် သောသူတို့သည် .. မင်္ဂလာရှိ၏။
  အကြောင်းမူကား၊ ထိုသူတို့သည်သနားစုံမက်ခြင်းကို ခံရကြလတ့်။
- စိတ်နှလုံးဖြူစင် သောသူတို့သည် မင်္ဂလာရှိကြ၏။
  အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကိုမြင်ရကြလတ့်။
- သူတပါးချင်း ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် .. မင်္ဂလာရှိကြ၏။
  အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတ့်။
- ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ရှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် .. မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံ ဖြစ်၏။

ငါ့ကြောင့် သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ၊ သင်တို့သည် .. မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်း ရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးလှပေ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊၅း၂–၁၂)

ထိုသခင်ယေရှု၏ ပြည့်စုံခြင်းမှသည် ကျေးဇူးတပါး၌ထပ်ဆင့်၍ ကျေးဇူးတပါးကို ကျွန်ုပ်တို့ ရှိသမျှသည် ခံရကြပါ၏။ ဘုရားသခင်ထံတော်မှ ကျေးဇူးတရားနှင့်သစ္စာတရားသည် ယေရှု ခရစ်တော် အားဖြင့် ဖြစ်တော်မူ၏။ အာမင်။

# ကျေးဇူးတော်ကို ရေတွက်ပါ

*ဓမ္မကျမ်းချက်–သက်သာလောနိတ်ဩဝါဒစာပဌမစောင်။*
*အခန်းကြီး ၅၊ အခန်းငယ် ၈၊*

*အရာရာ၌ ကျေးဇူးကို ချီးမွမ်းကြလော့။*
*အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊*
*ယေရှုခရစ်၌ဘုရားသခင် အလိုတော်ရှိ၏။*

- ♦ ထမ်းရသောဝန်ထုပ်များကို ရေတွက်မည့်အစား ... ကောင်းချီးမင်္ဂလာများကိုရေတွက်ကြည့်ပါလား။
- ♦ မအောင်မြင်မှုများကို ရေတွက်မည့်အစား ... အောင်မြင်မှုများကို ရေတွက်ကြည့်ပါလား။
- ♦ စိတ်ဆင်းရဲခြင်းများကို ရေတွက်မည့်အစား ... ဝမ်းသာရွှင်လန်းခြင်းများကို ရေတွက်ကြည့်ပါလား။
- ♦ ရန်သူများကို ရေတွက်မည့်အစား ... ချစ်မိတ်ဆွေများကို ရေတွက်ကြည့်ပါလား။
- ♦ ကျမျက်ရည်များကို ရေတွက်မည့်အစား ... ကြည်နူးပြုံးရွှင်မှုများကို ရေတွက်ကြည့်ပါလား။
- ♦ ကြောက်ရွံ့ခြင်းများကို ရေတွက်မည့်အစား ... ရဲရင့်ခြင်းများကို ရေတွက်ကြည့်ပါလား။
- ♦ မနာလိုဝန်တို၍ မုန်းတီးနေမည့်အစား ... သခင်ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်ပြကြည့်ပါလား။
- ♦ ဆုံးရှုံးသောနှစ်များကို ပြန်လည်ရေတွက်မည့်အစား ... ပြည့်စုံ၍အလျှံပယ်ကြွယ်ဝသော နှစ်များကို ရေတွက်ကြည့်ပါလား။
- ♦ တိုက်ခတ်သောလေမုန်တိုင်းကို ကြည့်နေမည့်အစား ... ငြိမ်သက်စွာအိပ်နေသော သခင်ခရစ်တော်ကို အာရုံစိုက်ကြည့်ပါလား။
- ♦ သခင်ယေရှုခရစ်တော်၌ ဘုရားသခင်၏အလိုတော်အတိုင်း အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းကြည့်ပါလား။
- ♦ ထိုသို့ပြုလျှင် ခရစ်တော်၏ငြိမ်သက်ခြင်းကို ရရှိလာမည်ဖြစ်သည်။ အာမင်။

John Ma
B.C.F

# အပြစ်ကိုဘယ်လိုပြေဖျောက်မလဲ

By: Dr. Luke

ဘာသာတရားတိုင်း၊ ကိုးကွယ်မှုတိုင်းမှာ အပြစ်ပြေဖျောက်မှု လုပ်နည်းပေါင်းစုံ ရှိကြတယ်။ ဘာသာတရားမဲ့၊ ဘုရားမဲ့ … များပင်၊ မသိစိတ်ကရောသိစိတ်ထဲကပါ အပြစ်ပြေပျောက်ဖို့သတိရခြင်း၊ ထိန့်လန့်စိုးရိမ်ခြင်း၊ တုန်လှုပ်ခြောက်ခြားခြင်း၊ စိတ်ဓါတ်ကျခြင်း … တွေဖြစ်ကြတယ်။

လူသားအားလုံးက မတရားမှု၊ အမင်္ဂလာ၊ အိုခြင်း၊ နာခြင်း၊ သေခြင်း နဲ့ အပြစ် ကင်းတဲ့ နေရာကို ရောက်ချင်ကြသူချည်း ဖြစ်တယ်။

လူတွေ မျှော်လင့်တောင့်တတဲ့ သုခဘုံဆိုတာ တကယ်ရှိပြီးသားပါ။ လူတွေ မခွဲခြားတတ်တာက … သုခဘုံထဲသို့ လူတွေကို ဘုရားသခင် ခွင့်လွှတ်ပြီး ကယ်ထုတ်ပါလား ပြောကြတယ်။

လူတွေ ထင်သလို ဘုရားသခင် ခွင့်လွှတ်ခဲ့ရင်၊ သုခဘုံထဲ လက်ခံလိုက်တဲ့ ဒုစရိုက်သားတွေကြောင့် သုခဘုံဟာ ဒုက္ခဘုံ ချက်ခြင်းဖြစ်သွားမှာကို ဘုရားသခင် သိလို့ သုခဘုံထဲသို့ အပြစ်သားကို လက်မခံတာ။ လူကြိုက်တဲ့နည်းနဲ့ ဘုရားသခင်မလုပ်ပါ။ ဘုရားသခင်ဟာ တရားမင်းဖြစ်တဲ့ အတွက် မတရားတဲ့နည်းနဲ့ မလုပ်ပါ။

ဘုရားသခင်ဟာ တရားနဲ့အညီ၊ မေတ္တာဂရုဏာနဲ့အညီ လူသားများကို အမင်္ဂလာနဲ့ ငရဲ၌ ခံရမယ့် ပြစ်ဒဏ်မှ ကယ်နှုတ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် … အပြစ်ဖြေလွှတ်နည်းကို သမ္မာကျမ်း၌ ရေးမှတ်ဖို့ BC 1688 မှာ ဘုရားသခင်က မောရှေကို မိန့်မှာခဲ့ပါတယ်။

## အပြစ်ဖြေရာယဇ်

လူသည် တရားကိုသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ… လွန်ကျူးပြစ်မှားလျှင် အပြစ်ရှိသည်။ အပြစ်ရဲ့အခဟာသေဒဏ်ကျခံရမယ်။ သေဒဏ်ဆိုတာ…

(က) နာမ်ဝိညာဉ်ဘုရားနဲ့လူ့ရဲ့ဝိညာဉ်အဆက်ပြတ်ကင်းကွာခြင်း၊
(ခ) ရုပ်သက်သေခြင်း၊
(ဂ) ဒုတိယသေခြင်းလို့ခေါ်တဲ့ကန့်နှင့်လောင်သောမီးအိုင်(ငရဲ)ကျခြင်း၊ … ဆိုတဲ့ နည်းသုံးမျိုးနဲ့ သေဒဏ်ကျခံရတယ်။

မေတ္တာဂရုဏာရှင် ထာဝရဘုရားသခင်က၊ လူကို ဤသေခြင်းသုံးမျိုးစလုံးမှ ကယ်နှုတ်ချင်တယ်။ ထို့ကြောင့် …

(က) ဘုန်းကြီး အပြစ်ကျူးလွန်ရင် အပြစ်မရှိတဲ့ နွားထီးနဲ့ ယဇ်ပူဇော်ရမယ်။
(ခ) မင်းအရာရှိ၊ ခေါင်းဆောင် အပြစ်ကျူးလွန်ရင် အပြစ်မရှိတဲ့ ဆိတ်ထီးနဲ့ ယဇ်ပူဇော်ရမယ်။
(ဂ) သာမန်အရပ်သား၊ဆင်းရဲသား တစ်ဦးဦး အပြစ်ကျူးလွန်ရင် အပြစ်မရှိတဲ့ ဆိတ်သငယ်မနဲ့ ယဇ်ပူဇော်ရမယ်။

အပြစ်ကျူးလွန်တဲ့ ကာယကံရှင်သည် မိမိယူလာတဲ့ ယဇ်ကောင်ရဲ့ခေါင်းပေါ် လက်တင်လျှက်၊–

က။ မိမိယူလာတဲ့ယဇ်ကောင်၌ အပြစ်ကင်းကြောင်း၊
ခ။ မိမိ၌အပြစ်ရှိ၍သေထိုက်ကြောင်းဝန်ခံလျှက်၊
ဂ။ အပြစ်မရှိတဲ့သားကောင်အတွက် ကိုယ်စားဝင်ရောက်ပြီး၊ မိမိခံရမယ့် သေဒဏ်အတွက် သေပေးခြင်းဖြစ်ကြောင်း ဝန်ခံကာ လည်လှီးသတ်ပြီး သွေးသွန်းရတယ်။
ဃ။ သွေးသွန်းပြီးတဲ့ယဇ်ကို ယဇ်ပလ္လင်ပေါ်တင် မီးရှို့ရမယ်။



အပြစ်ဖြေရာယဇ်ကောင်ပူဇော်ပုံ၊

ပဋိညာဉ်ဟောင်းခေတ်တစ်လျှောက်လုံး အသေခံသွားတဲ့ ယဇ်ကောင်အားလုံးဟာ ပဋိညာဉ်သစ်၌ ကြွလာမဲ့ ဘုရားသခင်၏သားတော်ယေရှုက အပြစ်ဖြေရာယဇ်နေရာမှာကိုယ်စားအသေခံကြောင်း ပုံဆောင်ခြင်းဖြစ်တယ်။

ယခုပဋိညာဉ်သစ်ခေတ်မှာ –

ဘုရားသခင်၏သားတော်ယေရှုဟာအပြစ်သားကျွန်ုပ်တို့အတွက် အပြစ်ဖြေရာယဇ်ဖြစ်ပါတယ်။

ကျွန်ုပ်တို့ အပြစ်ကျူးလွန်ခြင်းကြောင့် ကျွန်ုပ်တို့ဟာ ဝိညာဉ်သက်သေခြင်း၊ ရုပ်သက်သေခြင်း၊ ဒုတိယသေခြင်းလို့ခေါ်တဲ့ ငရဲကျခြင်း၊ ပြစ်ဒဏ်ခံရဖို့ရှိပါတယ်။

ကျွန်ုပ်တို့ လူသားအားလုံးသည် ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ အပြစ်ကျူးလွန်ကြလျက် ငရဲ၌ ပြစ်ဒဏ် စီရင်ခံရပါတယ်။

ယေရှုသည်လူ့ဇာတိခံချိန်မှစ – ကားတိုင်ပေါ်တွင် အပြစ်သားများ ကိုယ်စားအသေခံချိန် အထိ (၃၃)နှစ်လုံး အပြစ်ကျူးလွန်ခြင်း မရှိချေ။

အပြစ်ကြောင့် ချုပ်နှောင်ခံရသူကို အချုပ်ရဲ့အပြင်၌ရှိတဲ့ သူသာ အာမခံခွင့်ရှိပါတယ်။ ထို့အတူ၊ ကျွန်ုပ်တို့လူသားအားလုံးဟာ ပညတ်တရားနှင့်အပြစ်ရဲ့ချုပ်နှောင်ခြင်း ခံရသူတွေ ဖြစ်ပါတယ်။ ဘုရားသခင်၏သားတော်ယေရှုဟာကောင်းကင်ဘုံနန်းမှ လူ့ဇာတိခံယူကာ၊လူသားအဖြစ်ကြွဆင်းလာပြီး၊ ကျွန်ုပ်တို့အပေါ်ကျရောက်တဲ့ ပြစ်ဒဏ်များကို ယူဆောင်လျက်၊ ကျွန်ုပ်တို့ကိုယ်စား အသေခံကာ၊ အပြစ်ကြွေးဆပ်ခြင်းဖြင့် အာမခံပေးပါတယ်။

<u>**သတိ။**</u>

ထာဝရဘုရားရှေ့မှာ ယေရှုဟာ၊ မိမိတို့/ကျွန်ုပ်တို့ကိုယ်စား အသေခံသွားတဲ့ အပြစ်ဖြေရာယဇ်ဖြစ်တယ်လို့ သမ္မာကျမ်းစာမှပြောသလို သဘောတူ၊သိမှတ်ဝန်ခံသူဟာ သေခြင်း (၃) မျိုးလုံးမှ လွတ်မြောက်ခွင့်ရသွားပါတယ်။

အပြစ်ရဲ့အခကြောင့် ကျွန်ုပ်တို့ဟာ သေခြင်း(၃)မျိုးနဲ့ သေရဖို့ရှိတယ်။
မိမိ တို့/ကျွန်ုပ်တို့ခံရမယ့် ... (က) ဝိညာဉ်သေခြင်း၊
(ခ) ရုပ်သက်သေခြင်း၊
(ဂ) ဒုတိယသေခြင်းလို့ခေါ်တဲ့ကန့်နှင့်လောင်သောမီးအိုင်(ငရဲ)ကျခြင်း၊
အတွက် ယေရှုကအစားဝင် သေပေးပြီ။

- ယေရှုရဲ့ဝိညာဉ်သက်ဟာ ကားတိုင်မှာအသေခံစဉ်က အဘဘုရားနဲ့အဆက်ပြတ်ကင်းကွာသွားတယ်။
- ယေရှုရဲ့ရုပ်သက်သေသွားတယ်။
- ယေရှုရဲ့ဝိညာဉ်နဲ့စိတ် (Soul) ဟာ ရက်သတ္တပါတ်ရဲ့ဆဋ္ဌမရက်နေ့မွန်းလွဲမှ ပထမရက်နံနက်အထိ၊ ဒုတိယသေခြင်းထဲကျခံခဲ့တယ်။

ကျွန်ုပ်တို့ အပြစ်ကြောင့် ယေရှုသည် ဘုရားရဲ့ ပစ်ပယ်ခြင်းနဲ့မျက်နှာလွှဲခြင်း ခံခဲ့ရပါတယ်။
ယေရှု၌ ကျွန်ုပ်တို့ရဲ့ ဒုစရိုက်အပြစ်များ(Sins) သာမက၊ ကျွန်ုပ်တို့၌ရှိတဲ့ အတွင်းဗီဇအပြစ်တရားကိုပါ လုံးဝ/အကြွင်းမဲ့ = ကျူပင်ခုတ် ကျူငုပ်မကျန်အောင် ရှင်းပစ်လိုက်ပြီ။ (Intrinsically, entirely, totally, absolutely)

ယေရှု၏ ပူဇော်ပေးဆပ်ခြင်းကို ဘုရားသခင် နှစ်သက်ကျေနပ်တယ်။ တရားရဲ့ စွဲဆိုတောင်းခံချက်ကိုလည်း ကြေစေပါတယ်။

ယေရှု၏အပြစ်ဖြေရာယဇ်သည် **အလွန်သန့်ရှင်း၏။ အလွန်သန့်ရှင်း၏။ အလွန်သန့်ရှင်း၏။** လက်ခံယူသူတို့လည်း အလွန်သန့်ရှင်းကြ၏။

ထို့ကြောင့်၊ ယေရှု၏အပြစ်ဖြေခြင်းကို သဘောတူလက်ခံသူဟာ အပြစ်မှသန့်စင်ခြင်းနဲ့ ခွင့်လွှတ်ခံရခြင်းရရှိရုံသာမက၊ သန့်ရှင်းသူအဖြစ် သန့်ရှင်သည့် ကောင်းကင်ဘုံထဲသို့ ဝင်ခွင့်ရသွားပါတယ်။

<u>**ယုံကြည်လက်ခံသူ၏တုန့်ပြန်ခြင်း။**</u>

မေတ္တာဂရုဏာရှင် (ယာဝေYawah) ဘုရား ...

အပြစ်များလှတဲ့ ကျွန်ုပ်ကိုပင် ချစ်သနားပြီး ခွင့်လွှတ်တဲ့ အတွက် ကျေးဇူးတင်ပါသည်။ အကျွန်ုပ်ရဲ့ ကာယကံ၊ ဝဇီကံ၊ မနောကံ၊ အပြစ်များကြောင့် သေထိုက်တဲ့ သေခြင်း(၃)မျိုးအတွက်၊ အပြစ်ကင်းသော သားတော်ယေရှုက အကျွန်ုပ်တို့ကိုယ်စား အသေခံပေးဆပ်ခဲ့ခြင်း ကျေးဇူးကို အကျွန်ုပ် ငြင်းပယ်နိုင်စွမ်း မရှိပါ။

ကိုယ်တော်၏မေတ္တာဂရုဏာသည် အကျွန်ုပ်၏ခက်ထန်ဆန့်ကျင်သောစိတ်ကို ကျိုးပဲ့ကြေမွနောင်တရစေပါပြီ။

ကိုယ်တော်၏ မေတ္တာဂရုဏာသည် မိုက်မဲထောင်လွှားတဲ့ အကျွန်ုပ်၏အတ္တစိတ်ကို ဖုံးလွှမ်းအနိုင်ရသွားပါပြီ။

သားတော်ယေရှု၏ ချစ်ခြင်းနဲ့ အပြစ်ဖြေလွှတ်ခြင်း ကျေးဇူးကို အကျွန်ုပ် ယုံကြည်လက်ခံပါပြီ။ အကျွန်ုပ်သည် ကျေးဇူးရှင် ... ကိုယ်တော်အဖို့သာ အသက်ရှင်ပါတော့မယ်။ အာမင်။

ကျမ်းညွှန်း၊– ဝတ်၊ ၄၊ ၅၊ ၆း၇၊၂၄–၃၀၊ ၇း၁–၁၀။ ဟေဗြဲ၊ ၉း၁၂၊၂၂၊၂၆၊၂၈။၂း၁၄။ ၁၀း၉။ ၂ကော၊၅း၂၁။ ၁ပေ၊၂း၂၄၊၃။ ၁း၁၈၊၁၉။ ၁ယော၊ ၅း၃။ ၁ယော၊ ၁။ ရော၊ ၆း၃–၆။၈း၃။ ဟေရှာ၊ ၅၃း၅၊၆၊၁၀၊၁၁။

၁။ မိမိခံရမယ့် ပြစ်ဒဏ်မှ ဘယ်လို ပြေပျောက်နိုင်မလဲ။
၂။ ငရဲမှာခံရမယ့် ပြစ်ဒဏ်မှ သင်ဘယ်လို လွတ်နိုင်မလဲ။
၃။ ဘုရားသခင် ဘယ်လို ဖြေရှင်းပေးမလဲ။
၄။ အပြစ်သားတစ်ဦးဟာ ဘာအပြစ်ဒဏ် ခံရလဲ။
၅။ ယေရှုက ဘယ်နှစ်နည်းနဲ့ အသေခံသလဲ။
၆။ ယေရှု အသေခံတဲ့အခါ ဘာအပြစ်တွေ ခြေဖျက်လိုက်သလဲ။
၇။ သန့်ရှင်းတဲ့ ကောင်းကင်ဘုံထဲ အပြစ်သားကို ကယ်ထည့်ရင် ဘာဖြစ်မလဲ။
၈။ ယေရှုရဲ့အပြစ်ဖြေခြင်းကို ယုံကြည်လက်ခံသူ၌ ဘာအပြစ်တွေ ပြေပျောက်သွားသလဲ။
၉။ သင့်ရဲ့အပြစ် ခြေဖျက် ပြီးပြီလား။



***Once for all***

***BY HIS OWN***

***BLOOD***

***We're saved!***

**Hebrews 10:10**

# ဤအခန်း The Room

ဘာသာပြန်သူ – **John Ma**

အိမ်မက်လိုလို တကယ်ဖြစ်နေသလိုလို ဝိုးတိုးဝါးတားနှင့် ကျွန်တော် အခန်းတခုထဲ ရောက်နေပါသည်။ ဤအခန်းသည် ထူးခြားမှု မရှိ ရိုးရိုးအခန်းပင် ဖြစ်သော်လည်း နံရံတဖက်တွင် ကြမ်းပြင်မှ မျက်နှာကျက်အထိ အညွှန်းကဒ်ပြား (index card) ဖိုင်တွဲများနှင့်သာ ပြည့်ကျပ်နေသည်။ စာကြည့်တိုက်တွင် ဘာသာရပ်ခေါင်းစဉ်၊စာရေးသူအမည်... စသည်တို့ကို အက္ခရာစဉ်အတိုင်း စံနစ်တကျထားသကဲ့သို့ ထိုကဒ်ပြားဖိုင်တွဲများကိုလည်း ခေါင်းစဉ်အမျိုးမျိုးဖြင့် စံနစ်တကျ စီထားသည်ကို တွေ့ရ၏။



နံရံအနီးသို့ရောက်သွားသောအခါ၊ ဖိုင်တွဲတစ်ခုကကျွန်တော့အာရုံကို ဆွဲဆောင်လိုက်သည်။ထိုဖိုင်တွဲမှာ“ကျွန်တော်ကြိုက်နှစ်သက်ခဲ့သောမိန်းကလေးများ” ဖြစ်ပြီး၊ ဖိုင်တွဲတွင်ပါရှိသော ကဒ်ပြားများကိုတစ်ခုပြီးတစ်ခု ကြည့်လိုက်သောအခါ ကျွန်တော်၏ ဖြစ်ရပ်တခုစီ၌ပါဝင်ခဲ့သောမိန်းကလေးတစ်ယောက်စီ၏နာမည်ကိုရေးထားကြောင်း တွေ့ရှိလိုက်သဖြင့် တုံလှုပ် ခြောက်ခြားကာ ချက်ခြင်းပင် ပြန်ပိတ်လိုက်၏။

ပြောနေစရာမလိုဘဲနှင့် ကျွန်တော်ဘယ်နေရာမှာ ရောက်နေသည်ကို အတိအကျ သိလိုက်၏။ ဖိုင်တွဲများနှင့် သာပြည့်နေ၍၊ သက်ဝင်မှုမရှိဟု ထင်ရသော ဤအခန်းသည် ကျွန်တော်၏ ဘဝတစ်သက်တာလုံး၏ ဖြစ်ပျက်လှုပ်ရှားမှုများကို စာရင်းဇယား (Catalog) ပြုစုထားသောဖိုင်တွဲများထားသည့်အခန်း ဖြစ်နေသည်။ အချိန်တိုင်း၊ နာရီတိုင်း ကျွန်တော်၏ ပြုမူကျင့်ကြံ လုပ်ဆောင်ခဲ့သမျှတို့ကို ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကျွန်တော်၏မှတ်ဉာဏ်မမှီနိုင်လောက်အောင်ပင် အသေးစိတ်မှတ်တမ်းတင်ထားသည်။

အံ့သြခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်အတူ သိချင်လိုသောစိတ်ပြင်းပြစွာဖြင့် ဖိုင်တွဲများကို ကျပန်းလှန်ပြီး၊ အထဲတွင်ပါရှိသော အကြောင်းအရာများကို ဖတ်ကြည့်သည်။ အချို့အကြောင်းအရာများသည် ကျွန်တော်ကို ပြန်လည် ရယ်မောပျော်ရွှင်စေပြီး၊ ကြည်နူးလွမ်းဆွတ် အောက်မေ့တသသ (Sweet Memories) ဖြစ်စေပါသည်။ အခြားအရာများမှာ ရှက်စရာကောင်းနေ၍၊ အလွန်ယူကြုံးမရဖြစ်ကာ၊ တစ်ဦးတစ်ယောက် ကျွန်တော့်ပုခုံးထက်မှ ကျော်ကြည့်၍ စောင့်ပြီးခိုးဖတ် နေမည်လားဟူ၍ပင် စိုးရိမ်မိပြန်သည်။ “သူငယ်ချင်း” အမည်နှင့် ဖိုင်တွဲတစ်ခုက “ကျွန်တော်သစ္စာဖောက်ခဲ့သော သူငယ်ချင်းများ” ဖိုင်တွဲအနားမှာ ရှိနေသည်။

သာမာန်ရိုးရိုးလေးမှ လျှို့ဝှက်ဆန်းကြယ်အံ့သြဖွယ်အထိ ခေါင်းစဉ်အလိုက် အတိအလင်း ဖေါ်ပြထားသည့် ဖိုင်တွဲများက အစီအရီ...။“ကျွန်တော်ဖတ်ခဲ့သောစာအုပ်များ”၊ “ကျွန်တော်ပြောခဲ့သောလိမ်ညာမှုများ”၊ “ကျွန်တော်ပေးခဲ့သောနှစ်သိမ့်မှုများ”၊ “ကျွန်တော်ရယ်ခဲ့သောပြက်လုံး များ” ...စသည်တို့သည် ရယ်မောစရာများဖြစ်ကြသော်လည်း “ကျွန်တော့်ညီအစ်ကိုတို့အပေါ် ဆူငေါက်ခဲ့သောအရာများ”၊ “ဒေါသထွက်စဉ်ပြုလုပ်မိခဲ့သောအရာများ”၊ “မိဘအပေါ်မကြားတကြား နှင့်ငြူစူခဲ့သောအရာများ”တို့ကို ဖတ်ကြည့်သောအခါတွင်၊ကျွန်တော်မရယ်နိုင်တော့ပါ။ရေးထားသောအကြောင်းအရာများမှာလည်းအံ့သြ၍ မကုန်နိုင်ပါ။ အချို့ဖိုင်တွဲများတွင် ကျွန်တော် မျှော်လင့်ထားသည်ထက် ကဒ်ပြား ပိုများနေ၍၊ အချို့မှာမူကား မှန်းထားသလောက်ပင်မရှိပါ။

ကျွန်တော့် ဘဝသက်တမ်းတစ်လျှောက်၏ မှတ်တမ်းသက်သက်သာဖြစ်သည့် များပြားလှသော ဖိုင်တွဲထုကြီးက ကျွန်တော့စိတ်ကို လုံးဝလွှမ်းမိုးထားသည်။ ထောင်သန်းချီ၍ များစွာသောကဒ်ပြားဖိုင်တွဲများကို အနှစ်(၂၀)အတွင်း ကျွန်တော်ရေးနိုင်ပါ့မလား ဟူသော သံသယစိတ်များ ဝင်လာသည်။ ဘယ်လိုပင်ဖြစ်စေကာမူ၊ ကျွန်တော်၏ ဖြစ်ရပ်အမှန်ဖြစ်ကြောင်း ခိုင်မြဲနေပါသည်။ ကဒ်ပြားတစ်ခုစီ၌ ပါဝင်သောဖြစ်ရပ်တိုင်းသည် ကျွန်တော့်လက်ရေးနှင့်ရေးထားသည်သာမက ကျွန်တော်ကိုယ်တိုင်လက်မှတ် ထိုးထားကြောင်းကိုတွေ့ရ၏။

“ကျွန်တော်နားထောင်ခဲ့သောသီချင်းများ”ဖိုင်တွဲကိုဆွဲယူလိုက်သောအခါတွင်၊ကဒ်ပြားများမှာ ဝင်ဆန့်နိုင်သည်ထက်ပို၍များလွန်းနေသဖြင့် တင်းကျပ်စွာ ထုပ်ပိုးထားသည်ကို သတိပြုမိသည်။ နှစ်ကိုက်သုံးကိုက်အလွန်ထိ ဖိုင်တွဲအဆုံးကို မတွေ့နိုင်ပေ။ ကျွန်တော်နားထောင်ခဲ့သော သီချင်းပေါင်းအပုဒ် အရေအတွက်သာမက အတိုင်းအဆမရှိ ဖြုန်းတီးခဲ့သောအချိန်ကို ပြန်လည်သိမြင်လာကာ၊အရှက်ရစေ၍၊ ချက်ခြင်းပင် ပြန်ပိတ်လိုက်၏။

“တဏှာရမက်ပြင်းပြသည့်အတွေးအခေါ်”ခေါင်းစဉ်တပ်ထားသည့်ဖိုင်တွဲကို တွေ့လိုက်သောအခါ၊ ကျွန်တော် ကျောချမ်းကာ တကိုယ်လုံး အေးစက်သွားသည်။ ကဒ်ပြားမည်မျှ ပါသည်ကို မကြည့်ရဲတော့ဘဲ၊ ဖိုင်တွဲအနည်းငယ်သာ ဖွင့်ဟ၍ ကဒ်ပြားတစ်ခုကို ဆွဲထုတ်ပြီး ဖတ်ကြည့်လိုက်သည်။ပါဝင်သောအကြောင်းအရာများကကျွန်တော့်ကို တုံလှုပ်ခြောက်ခြားသွားစေသည်။ဤမျှလောက် အသေးစိတ်သောအချိန်ကိုပင် မှတ်တမ်းတင်ထားသည်ကို စဉ်းစားမိသောအခါ ကျွန်တော် ဖျားချင်သလိုလို ဖြစ်သွားသည်။ ကျွန်တော်သည် ချက်ချင်းပင် တိရိစ္ဆာန်ရိုင်းကဲ့သို့ထောင်းခနဲဒေါသထွက်လာသည်။ မည်သူမျှမသိအောင် ကဒ်ပြားများနှင့်အတူ ဤအခန်းကိုဖျက်စီးရန် ကျွန်တော့်ခေါင်းထဲသို့ အတွေးဝင်ရောက် လာသည်။ဖိုင်တွဲ၏အရွယ်သည်အရေးမကြီးတော့ဘဲ၊ အထဲရှိကဒ်ပြားများကို အကုန်ရှင်းသွားအောင် မီးရှို့လိုက်ချင်သည်။

ဒေါသမာန်ပါပါ နှင့် အရူးကဲ့သို့ ဤဖိုင်တွဲများကို ဆောင့်ဆွဲလိုက်သည်။သို့သော်လည်းကဒ်ပြားတစ်ခုမျှ ၎င်း၏နဂိုမူလနေရာမှ မရွေ့ပါ။ စိတ်မထိန်းနိုင်တော့ဘဲ ကဒ်ပြားတစ်ခုကို ဆွဲထုတ်ကာ ဆုတ်ဖြဲရန်ကြိုးစားကြည့်သည်။မရပါ။ကဒ်ပြားသည်သံမဏိကဲ့သို့မာကြောခိုင်ခံ့နေသည်ကိုတွေ့ရသဖြင့်လက်မြှောက်အရှုံးပေးကာ ကဒ်ပြားဖိုင်တွဲကို နဂိုမူလနေရာမှာ ပြန်ထားလိုက်သည်။

သက်ပြင်းချ၍ နံရံကိုမှီလိုက်ရာ“ကျွန်တော်ဧဝံဂေလိတရားဝေငှပေးခဲ့သောသူများ” ဖိုင်ကိုတွေ့လိုက်သည်။ဤဖိုင်တွဲလက်ကိုင်သည် အခြားဖိုင်တွဲလက်ကိုင်များထက်ပို၍တောက်ပြောင်နေသည်။အသုံးအလွန်နည်းသဖြင့် အသစ်စက်စက်နီးပါးဖြစ်နေသည်။ ဤလက်ကိုင်ကို ဆွဲဖွင့် လိုက်သောအခါသုံးလက်မအရွယ်ရှိသောဘူးလေးတစ်ခုကျွန်တော့်လက်ထဲသို့ကျလာသည်။အထဲ၌ရှိသောကဒ်ပြားများကိုလက်တစ်ဖက်တည်းနှင့်ရေတွက်နိုင်၏။ ကျွန်တော်ရှက်လွန်းသဖြင့်မျက်ရည်ကျလာရာမှ ရှိုက်၍ငိုသည်အထိဖြစ်လာသည်။ ငိုရှိုက်ရလွန်းသဖြင့် ကျွန်တော့်ဗိုက် နာလာသည်။ မျက်ရည်များနှင့် ပြည့်နေသော ကျွန်တော်၏

မျက်စိထဲတွင် အတန်းလိုက် စီထားသော ဖိုင်တွဲစင်များသာ တဝဲလည်လည် ဖြစ်နေပါသည်။ မည်သူမျှ မသိ အောင် ဤအခန်းကို သော့ခတ်ပြီး သော့ကိုဝှက်ထားလိုက်မည်။

စီးကျနေသော မျက်ရည်များကို သုတ်လိုက်သောအခါ၊ ကျွန်တော် **'သူ့'** ကို လှမ်းတွေ့လိုက်၏။ သခင်ခရစ်တော် မဖြစ်ပါစေနဲ့။ ဒီနေရာမှာ မရှိပါစေနဲ့။ အို… မည်သူ့ကို တွေ့ရတွေ့ရ၊ သခင်ခရစ်တော်ကို မူကား မတွေ့ဝံ့ပါ။ ကျွန်တော် ကြည့်နေစဉ်မှာပင်၊ သခင်ခရစ်တော်သည် ဖိုင်တွဲများဖွင့်၍ ကဒ်ပြားများကို ဖတ်နေသည်။ ကျွန်တော်ဘာမှမတတ်နိုင်ပါ။ သခင်ခရစ်တော် အဘယ်သို့တုံ့ပြန်လာမည်ကိုကျွန်တော်မှာ ခံနိုင်ရည် မရှိပါ။အားတင်း၍ ကိုယ်တော့်မျက်နှာကို ကြည့်လိုက်သောအခါ၊ ကိုယ်တော်သည် ကျွန်တော် ထက်ပို၍ ဝမ်းနည်းကြေကွဲနေသည်ကိုတွေ့ရသည်။ ခရစ်တော်သည် အလိုလိုသိနေ၍၊ကျွန်တော်၏အဆိုး ဆုံး ဖိုင်တွဲရှိရာသို့ တန်းသွားသည်ဟု ထင်မိသည်။ အဘယ့်ကြောင့် ကိုယ်တော်သည် ကဒ်ပြားတိုင်းကို ဖတ်ကြည့် နေရပါသနည်း။

အဆုံး၌၊ ကိုယ်တော်သည် ကျွန်တော်ရှိရာ ဖက်သို့လှည့်လာ၍ ကျွန်တော့်ကို ဂရုဏာဖြင့် ကြင်နာစွာ ကြည့်နေသည်။ ဤသနားကြင်နာသော အကြည့်သည် ကျွန်တော့်ကို စိတ်မဆိုးစေပါ။ ကျွန်တော် ခေါင်းငိုက်စိုက်ကျကာ၊ မျက်နှာကို လက်နှင့်ဖုံးလျှက် ထပ်မံငိုပြန်သည်။ကိုယ်တော်သည် လျှောက်လှမ်းလာကာ ကျွန်တော့်ကို ပွေ့ဖက်လိုက်သည်။ ကျွန်တော့်ကို စကားများ ပြောဆိုနိုင်သော်လည်း၊ စကားတစ်ခွန်းမျှ ဖွင့်ဟပြောဆိုခြင်း မရှိဘဲ၊ ကျွန်တော်နှင့် အတူတူ ငိုနေ၏။

ထို့နောက် ကိုယ်တော်သည် ဖိုင်တွဲများထားသော နံရံဖက်သို့ လျှောက်သွားသည်။ အခန်းနံရံ၏ အစွန်းတစ်ဖက်မှ စ၍ ဖိုင်တွဲကဒ်ပြား ကို တစ်ခုပြီးတစ်ခု ဆွဲယူကာ၊ ကျွန်တော်၏ လက်မှတ် အပေါ်တွင် သူ၏ နာမတော်ကို ရေးထိုးသည်။"မလုပ်ပါနှင့်–မလုပ်ပါနှင့်"ဟုအော်ပြောပြီး၊ ကိုယ်တော်ထံ တဟုန်ထိုးပြေးသွား၍ ကိုယ်တော့် နာမတော်လက်မှတ် မထိုးဖို့ရန် ကဒ်ပြားများကို ဆွဲယူလိုက်သည်။ ကိုယ်တော်၏ နာမတော် လက်မှတ်သည် ကျွန်တော့်ကဒ်ပြားများတွင် မရှိသင့်ပါ။

**အမှုပြီးပြီ**

ကဒ်ပြားများအပေါ်ထိုး ထားသော ကိုယ်တော်၏ နာမတော် လက်မှတ်သည် သူ၏အသွေး တော်ဖြင့်ရေးပြီး၊ နီရဲနေသည့်အပြင် အလွန်ပင်ထင်ရှားကာ အသက်ဝင်နေ၏။ ကိုယ်တော်၏ နာမတော် သည် ကျွန်တော်၏လက်မှတ်ကို ဖုံးအုပ်လိုက် ပါသည်။ ကိုယ်တော်သည် ကျွန်တော့် လက်ထဲရှိ ကဒ်ပြား များကို ညင်သာစွာပြန်ယူကာ၊ ဝမ်းနည်းသောအပြုံးဖြင့် လက်မှတ် ထိုးပေးသည်။ တခဏအတွင်းမှာပင်၊ ကျွန်တော့်ကဒ်ပြားအားလုံးကို လက်မှတ်ထိုးပြီးသွား၏။အဘယ်ကြောင့်ဤမျှမြန်ဆန်သည်ကို ကျွန်တော် နားမလည်နိုင်ပါ။ ကိုယ်တော်သည် နောက်ဆုံးဖိုင်တွဲကို ပိတ်လိုက်ပြီး၊ ကျွန်တော့်ထံ သို့လျှောက်လာကာ၊ ကျွန်တော် ပုခုံးပေါ်သို့ လက်တင်၍၊ **"အမှုပြီးပြီ"** ဟုမိန့်တော်မူသည်။ ကျွန်တော် မတ်တပ်ရပ်လိုက်သည်နှင့် ကိုယ်တော်သည် ရှေ့မှလမ်းပြကာ…၊

ဤအခန်းမှ ထွက်ခဲ့၏။
ဤအခန်းတံခါးသည် သော့ခတ်ထာခြင်း မရှိ။
ဤအခန်းထဲ၌ ဖိုင်တွဲကဒ်ပြားများ ဆက်လက်ရေးသားနေဦးမည် … ။ ။

# ၁၂၈ ခုမြောက်သောဆာလံ

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

၁ ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းခရီးတော်သို့
လိုက်သွားသမျှသော သူတို့သည် မင်္ဂလာရှိကြ၏။

၂ ထိုသို့ပြုလျှင် သင်သည် မိမိလက်နှင့် လုပ်ဆောင်၍ရသော အစာကို
စားရလိမ့်မည်။ မင်္ဂလာရှိ၍ ကောင်းစား ရလိမ့်မည်။

၃ သင်၏မယားသည် သင့်အိမ်နားမှာ များစွာအသီးသီးသော
စပျစ်နွယ်ပင် ကဲ့သို့၎င်း၊ သားသမီးတို့သည် သင့်စားပွဲ ပတ်လည်၌
စိုက်ပျိုးသော သံလွင်ပင်များ ကဲ့သို့၎င်း ဖြစ်ကြလိမ့်မည်။

၄ ထာဝရဘုရားကို ကြောက်ရွံ့သော သူသည်
ထိုသို့သော မင်္ဂလာရှိ ရလိမ့်မည်။

၅ ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်က ကောင်းကြီးပေးတော်မူ၍၊
ယေရုရှလင်မြို့ ခံရသော ကောင်းကျိုးကို တသက်လုံး မြင်ရလိမ့်မည်။

၆ မိမိသားသမီးတို့၌ ဖွားမြင်သော သားသမီး တို့ကိုလည်း မြင်ရလိမ့်မည်။
ဣသရေလ အမျိုး၌ ငြိမ်ဝပ်ခြင်း ရှိပါစေသော။

**ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။** ၁ယော၊ ၁း၇(ခ)

* မှတ်ချက် – The Room by Joshua Harris ကိုဘာသာပြန်ဆိုသည်။ *
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~